## မာတိကာ


– စာရေးသူ၏အမှာ က
၁။ အိပ်မက်ဆိုးကြီး ပြီးဆုံးခြင်း ၁
၂။ လက်မရွံ့သား လက်ရွေးစင်များ ၈
၃။ သပွတ်အူ အဖြစ်အပျက်များ ၂၄
၄။ ကျီးကန်းတောင်းမှောက် ကြည့်ကြစို့ ၃၅
၅။ လုပ်ငန်းစကြပြီ ၄၄
၆။ တို့နှင့်မတူ တို့ရန်သူ ၅၆
၇။ မီးကုန်ယမ်းကုန် ကြဲကြပြီ ၆၂
၈။ ဝါးတားဂိတ် စီမံကိန်းများ ၇၃
၉။ ဂျင်မ်စတုန်း စစ်ဆင်ရေး စပြီ ၈၀
၁၀။ ဒုတိယအကြိမ်မြောက် စစ်ဆင်ရေး ၈၈
၁၁။ သတင်းထောက်အစွမ်း ၉၆
၁၂။ ပွက်ပွက်ရိုက်လာသည့် ဂယက်များ ၁၀၁
၁၃။ အမှုမပေါ်စေရန် ဖုံးကွယ်မှုများ ၁၁၀
၁၄။ ရွေးကောက်ပွဲကာလ ညစ်ပတ်မှုများ ၁၂၁
၁၅။ ဝါးတားဂိတ်မှုခင်းနှင့် နေဝင်ချိန် ၁၃၁
၁၆။ နေဝင်ချိန် မြားချက်များ ၁၄၂
၁၇။ ထွက်တော်မူ နန်းကခွာတယ် ၁၅၇
၁၈။ ဝါးတားဂိတ်ဖြစ်စဉ် အကျဉ်းချုပ်မှတ်တမ်း ၁၇၇


❑





## စာရေးသူ၏ အမှာ

"အမိုက်ကစ ပြာသာဒ် မီးလောင်"ဆိုသော မြန်မာစကားပုံတစ်ခု ရှိပါသည်။

ယခု ဝါးတားဂိတ်အရေးအခင်းကို ထိုစကားပုံဖြင့် တင်စားလျှင် အဆီလျော် ဆုံးဖြစ်မည်ဟု ကျွန်တော် ယူဆပါသည်။

အမှန်ဆိုမူ ဝါးတားဂိတ်မှုခင်းသည် အမိုက်ပေါ်သို့ ကျလာသည့် သာမန်မီးပွား ငယ်ကလေးတစ်ခုသာ ဖြစ်ပါသည်။

သို့သော်လည်း မီး ကူးစက်လောင်ကျွမ်းရန် လွယ်ကူသည့် ရှုပ်ထွေး ပွေလီသော အမိုက်များက ယင်းမီးပွားတစ်ဝိုက်တွင် အသင့်ရှိနေကြရာမှ ထိန်းမနိုင် သိမ်းမရသည့်အခြေသို့ ဆိုက်ရောက်လာပါသည်။

နောက်ဆုံး၌ ပြာသာဒ်ကြီးပင်လျှင် ပြာပုံအဖြစ်သို့ ကူးပြောင်းရလေတော့သည်။

မီးပွားငယ်သည် အမိုက်ပေါ်သို့ ဘာကြောင့်ကျရသနည်း။ ထိုအမိုက် ငယ်၏ ပတ်လည်တွင် ရှုပ်ထွေးပွေလီသော အမိုက်တို့သည် ဘာကြောင့် ရှိနေကြသနည်း ဟူသောအချက်ကို ပေါ်လွင်စေရန်အတွက် ကျွန်တော် အစွမ်းရှိသမျှ အားထုတ်ကြိုးပမ်း ရေးသားပါသည်။

ဝါးတားဂိတ်အရေးအခင်း ဟူသည်မှာ –

– ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဘေးဖယ် ထားရန် ကြိုးစားမိရာမှ ကြိုးစားသူသာ ဘေးသို့ ရောက်သွားရသော အဖြစ်၊

– သမ္မတသည် တရားဥပဒေများ၏အပေါ်တွင် နေလိုရာမှ တရား ဥပဒေများသည် သမ္မတအပေါ်သို့ ရောက်ရှိသွားရသောအဖြစ်၊

– တိုင်းသူပြည်သားတို့၏ ရပိုင်ခွင့်ကို ရပ်သိမ်းရန် ကြိုးပမ်းမိရာမှ ကြိုးပမ်းသူ သမ္မတသည် သမ္မတ၏ အခွင့်အာဏာများ ရပ်သိမ်းခြင်း ကို ခံလိုက်ရသော အဖြစ်များသာလျှင် ဖြစ်ပါသည်။

ယင်းသို့သော ဖြစ်စဉ်ကြီးတစ်ခုလုံးကို ခြုံငုံမိခြင်းမရှိလျှင် ဝါးတား ဂိတ် အရေးအခင်းသည် ပြောပလောက်သည့်အဆင့်သို့ ရောက်လာနိုင်မည် မဟုတ်ပါ။

ထို့ကြောင့် ဝါးတားဂိတ်၏ ရုပ်လုံးပေါ်စေရန်အတွက် အချိန်နာရီ အတိအကျ၊ နေရာဌာနန္တရ အတိအကျ၊ ဂဏန်းအရေအတွက် အတိအကျ၊ အမှတ်အသား အတိအကျ၊ လူပုဂ္ဂိုလ် အတိအကျတို့ကို အပတ်တကုတ် ရှာဖွေအားထုတ်ပြီး ရေးသားပါသည်။

ကျွန်တော့်မိတ်ဆွေများ၏ ဝိုင်းဝန်းကူညီမှုကို မရရှိခဲ့လျှင် ထိုသို့ တိကျအောင် ကျွန်တော် ရေးနိုင်စွမ်းမည်မဟုတ်ကြောင်း ဝန်ခံပါသည်။

စာအုပ်စာတမ်း အထောက်အထားများနှင့်ပတ်သက်ပြီး ကျွန်တော် လိုအပ်သမျှ ဝိုင်းဝန်းကူညီရှာဖွေပေးကြသော စာရေးဆရာ ရဲရွှယ်၊ ဦးထိန်ဝင်း၊ ဦးဉာဏ်မြင့်၊ ဒေါက်တာ တင်သန်းမြင့်၊ ဆရာဦးချစ်ဖေ၊ ဦးသန်းမောင်၊ နံ့သာသန်းဆွေနှင့် ဦးကျော် ဂေါင်တို့ကိုလည်းကောင်း၊

ဤစာအုပ် ရေးနေစဉ်က ကျန်းမာရေးချို့တဲ့နေသော ကျွန်တော့်အား ဆေးဝါးများဖြင့် ဝိုင်းဝန်းပြုစုကာ ပြင်ပလုပ်ငန်းများကို ကူညီဆောင်ရွက် ပေးကြသည့် ကိုဝင်းတင်၊ ကိုခင်မောင်၊ ကိုအုန်းမောင်နှင့် ကိုအောင်ကြည် တို့ကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဖော်ပြ အပ်ပါသည်။

**အထောက်တော် လှအောင်**

**သုဝဏ္ဏ၊ ၁၉၇၄၊ ဩဂုတ် ၂၈။** ❑